# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

September 18 , 2023 Volume 70, Number 12

၁၈.၉.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၂၉ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၄၁.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၃၉.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၀၄.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၅၂.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၇.၈၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၈.၄၇ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၇.၈၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၇၈၂ ကျပ် |

Source: CBM Rate, etrademyanmar.com

## CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## အကြိမ် (၂၀) မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့်အကြိမ် (၂၀) မြောက် စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတက်ရောက်




အကြိမ် ၂၀ မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် အကြိမ်၂၀ မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်နင်းမြို့တွင် ယနေ့နံနက်ပိုင်းက ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည်။

ဖွင့်ပွဲအခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီကျန်း၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်၊ လာအိုနိုင်ငံ ဝန်ကြီးချုပ်၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ်၊ ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် ၊ အင်ဒိုနီးရှားနိုင်ငံ ဒုတိယသမ္မတ၊ စင်ကာပူနိုင်ငံ ကုန်သွယ်မှုနှင့်စက်မှုဝန်ကြီးဌာန ဝန်ကြီး၊ ဘရူနိုင်းနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဝန်ကြီး၊ ဖိလစ်ပိုင်နိုင်ငံ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ၊ တီမောလက်စ်တီနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအကြိမ် ၂၀ မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် အကြိမ် ၂၀ မြောက် တရုတ်-အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးတို့အား “ရပ်ဝန်းနှင့်ပိုးလမ်းမ အရည်အသွေးမြင့်စွာ ဖွံ့ဖြိုးလာစေရေးမြှင့်တင်ခြင်းနှင့် ကြီးထွားမှုဗဟိုချက်အသစ်ကို ပြုစုပျိုးထောင်ပေးခြင်းတို့ဖြင့် အတူမျှဝေခံစားသည့် အနာဂတ်နှင့်ဟန်ချက်ညီမျှသည့် နေရာတစ်ခုဖြစ်လာစေရေးအတွက် အတူတကွကြိုးပမ်းဆောင်ရွက်ကြပါစို့”ဟူသော ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ပါသည်။ ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်မောင်ဆွေနှင့် အရာရှိကြီးများလည်း ပါဝင်တက်ရောက်ခဲ့ကြပါသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာဟွမ်ကျွမ့်ဟွာနှင့်အတူ အကြိမ် (၂၀) မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲတွင် ခင်းကျင်းပြသလျက်ရှိသည့် မြန်မာလုပ်ငန်းရှင်များ၏ ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ပါသည်။ ပြပွဲ၌ မြန်မာနိုင်ငံမှထုတ်လုပ်သည့် လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများ၊ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး လုပ်ငန်းထွက်ကုန်ပစ္စည်းများ၊ ကျောက်မျက်ရတနာနှင့် လက်ဝတ်လက်စားများကိုပါဝင်ခင်းကျင်းပြသလျက်ရှိပါသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ မန္တလေးမြို့တော်ဝန်၊ မန္တလေးတိုင်းဒေသကြီးအစိုးရ စီးပွားရေးဝန်ကြီး၊ မြန်မာသံအမတ်ကြီးနှင့် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာဟွမ်ကျွမ့်ဟွာတို့သည် မြန်မာအမျိုးသားပြခန်းဆောင်သို့ ဆက်လက်သွားရောက်၍ ပြခန်းဆောင်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ၊ ရိုးရာအကဖြင့် ဖျော်ဖြေတင်ဆက်မှုကို အားပေးကြည့်ရှုပါသည်။ ထို့နောက် မြန်မာပြခန်းဆောင်တွင် နှစ်လိုဖွယ်ရာမြို့အဖြစ် ရွေးချယ်ထားသော မန္တလေးမြို့ပတ်ဝန်းကျင်ဒေသ၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စက်မှုဇုန်၊ ခရီးသွားဇုန်၊ အိမ်ရာတည်ဆောက်ရေးစီမံကိန်းများအား အထူးပြုပြသထားမှုကို အားပေးကြည့်ရှုပါသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် Liyuan Resort ၊ International Conference Center တွင် ကျင်းပပြုလုပ်သည့် အကြိမ် (၂၀) မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် ဆက်စပ်ကျင်းပသည့် အဓိကအစီအစဉ်ဖြစ်သော Institutional Opening-up for New Economic Growth အစည်းအဝေးသို့ တရုတ်ကွန်မြူနစ်ပါတီ ကွမ်ရှီးကော်မတီအတွင်းရေးမှူး၊ ကွမ်ရှီးပြည်နယ်အုပ်ချုပ်ရေးမှူး၊ တရုတ်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်၊ စင်ကာပူကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနဝန်ကြီးတို့နှင့်အတူ တက်ရောက်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးတွင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏ အကြီးအကဲများ၊ သုတေသီများနှင့်ပညာရှင်များ၊ စီးပွားရေးဦးဆောင်သူများက ဒေသတွင်းစီးပွားရေး အရှိန်အဟုန်သစ်ဖြင့်ဖွံ့ဖြိုးလာစေရန် ဥပဒေနှင့်စည်းမျဉ်းစည်းကမ်းများ၊ စီမံခန့်ခွဲမှုများ၊ စံချိန်စံညွှန်းများ၊ ကူးသန်းရောင်းဝယ်ရေးကိစ္စများနှင့်စပ်လျဉ်း၍ ရင်းနှီးစွာဆွေးနွေး၍ အမြင်ချင်းဖလှယ်ခဲ့ကြပါသည်။ ထို့နောက် တရုတ်-အာဆီယံ စံချိန်စံညွှန်းဗဟိုဌာနထူထောင်ဖွင့်လှစ်ခြင်း အစီအစဉ်ကိုလည်း ကြေညာဆောင်ရွက်ခဲ့ပါသည်။

ထို့နောက် ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် လိယွမ်နိုင်ငံတော်ဧည့်ဂေဟာ၌ တရုတ်သတင်းဌာနများဖြစ်သည့် People’s Daily ၊ CGTN ၊ China Media Group ၊ China News Service ၊ Guangxi Daily ၊ Guangxi Radio and Television ၊ Nanning Daily နှင့် Nanning Radio and Television ရုပ်သံဌာနတို့အား လက်ခံတွေ့ဆုံခဲ့ပါသည်။ တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ တရုတ်-အာဆီယံပူးပေါင်းဆောင်ရွက်မှုနှင့် အနာဂတ်မျှော်မှန်းချက်များနှင့်ပတ်သက်၍ သတင်းမီဒီယာများ၏မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးသည် ယမန်နေ့ညနေပိုင်းက တရုတ်နိုင်ငံတော်ဝန်ကြီးချုပ် မစ္စတာလီကျန်းက တည်ခင်းဧည့်ခံခဲ့သော တရုတ်-အာဆီယံ ကုန်စည်ပြပွဲအကြို ဂုဏ်ပြုညစာစားပွဲသို့ အခြားအာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ တက်ရောက်ခဲ့ပါသည်။

တရုတ်-အာဆီယံ ကုန်စည်ပြပွဲများနှင့် စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးများကို ၂၀၀၄ ခုနှစ်မှစ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်နင်းမြို့တွင် နှစ်စဉ်ကျင်းပလာခဲ့သည်မှာ အကြိမ် ၂၀

မြောက်ပြီဖြစ်ကာ၊ တရုတ်နိုင်ငံနှင့်အာဆီယံနိုင်ငံများအကြား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အခွင့်အလမ်းကောင်းများ တိုးတက်ထွန်းကားလာလျက်ရှိကြောင်း သတင်းရရှိပါသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%E1%

## (၂၀) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှပါဝင်ပြသ



တရုတ်နိုင်ငံ၊ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်နင်း မြို့တွင် (၂၀) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲကို ကျင်းပလျက်ရှိရာ အဆိုပါကုန်စည် ပြပွဲဖွင့်ပွဲနေ့အဖြစ် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့တွင် တရုတ်နိုင်ငံနှင့်အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကုန်ပစ္စည်းများကို ပါဝင်ပြသလျက်ရှိရာ အဆိုပါကုန်စည်ပြပွဲ၏ မြန်မာကုန်စည်ပြခန်း ဆောင်တွင် မြန်မာနိုင်ငံမှ ပြခန်းပေါင်း ၈၀ ဖြင့် ပါဝင်ပြသလျက်ရှိပါသည်။

မြန်မာကုန်စည်ပြခန်းများတွင် ဆန်၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ ရေထွက်ကုန်၊ ထောပတ်သီး၊ လက်မှုအနုပညာပစ္စည်းများ၊ အဝတ်အထည်၊ စားသောက်ကုန်၊ မြန်မာ့ကျောက်မျက်လက်ဝတ်ရတနာပစ္စည်းများကို ခင်းကျင်းပြသရောင်းချလျက်ရှိပါသည်။

ကုန်စည်ပြပွဲဖွင့်ပွဲနေ့တွင် မြန်မာကုန်စည်ပြခန်းများ၌ မြန်မာ့ထုတ်ကုန်ပစ္စည်းများကို စိတ်ပါဝင်စား၍ လာရောက်လေ့လာကြည့်ရှုသူများ၊ ကြိုက်နှစ်သက်၍ ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိပါသည်။ ထို့ပြင် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့တွင်ကျင်းပခဲ့သည့် မန္တလေးတိုင်းဒေသကြီး ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့်ခရီးသွားမြှင့်တင်ရေးဖိုရမ်တွင် မြန်မာနှင့် တရုတ်ကုန်သည်လုပ်ငန်းရှင်များက ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက် ၆ ခုကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%E1%80%80%E1%

## ၂၀၂၃ တရုတ်-အာဆီယံ ပိုးလမ်းမ အီးကောမတ်စ်ဖိုရမ်သို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တက်ရောက်အမှာစကားပြောကြား



တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်နင်းမြို့၌ရောက်ရှိနေသော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် Crowne Plaza ဟိုတယ်တွင် ကျင်းပပြုလုပ်သည့် ၂၀၂၃ တရုတ်-အာဆီယံ ပိုးလမ်းမ အီးကောမတ်စ်ဖိုရမ်သို့ တက်ရောက်၍ အမှာစကားပြောကြားခဲ့ ပါသည်။

ပြည်ထောင်စုဝန်ကြီးက မိန့်ခွန်းပြောကြားရာ၌ပိုးလမ်းမတစ်လျှောက်ဒေသများတွင် အီလက်ထရောနစ်စနစ်ဖြင့် ကူးသန်းရောင်းဝယ်မှုများ တိုးမြှင့်ဆောင်ရွက်ခြင်းမှာ အလွန်အဓိပ္ပါယ်ရှိပါကြောင်း၊ ယနေ့ခေတ်တွင် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ အားကောင်းခိုင်မာစေရန် ဆောင်ရွက်ရာတွင် e-Commerce မှာ အလွန်အရေးပါလှပါကြောင်း၊ ဒစ်ဂျစ်တယ်ခေတ်၌ ဒစ်ဂျစ်တယ်နည်းလမ်းဖြင့် ကူးသန်းရောင်းဝယ်မှုများအပေါ် အလေးထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၌ မကြာသေးမီနှစ်များအတွင်း ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်မှုများ သိသာထင်ရှားစွာ တိုးတက်ဖြစ်ထွန်းလာကြောင်း၊ ဒစ်ဂျစ်တယ်ဂေဟစနစ်ခိုင်မာအားကောင်းစေရန် ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံများကို ခေတ်နှင့်လျော်ညီစေရန် ဘက်စုံဒစ်ဂျစ်တယ်လမ်းပြမြေပုံအား ချမှတ်ဆောင်ရွက်နေကြောင်း၊ ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ (Digital Economy Development Committee-DEDC) ကို ဖွဲ့စည်းထားပြီးဖြစ်ကာ၊ မိမိကဥက္ကဋ္ဌအဖြစ် ဒစ်ဂျစ်တယ်ဖွံ့ဖြိုးမှုလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း၊ မြန်မာအစိုးရက နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ရန်နှင့်

ဒစ်ဂျစ်တယ်ကုန်သွယ်ရေးမြှင့်တင်ရန် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်နေကြောင်း၊ အားလုံးပါဝင်သည့် စီးပွားရေးဖွံ့ဖြိုးမှုကိုမောင်းနှင်ရန် ကုန်သွယ်ရေး၊ စိုက်ပျိုးရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ဘဏ်လုပ်ငန်း၊ ပညာရေးကဏ္ဍများတွင် ဒစ်ဂျစ်တယ်နည်းပညာဖွံ့ဖြိုးလာစေရန် အရှိန်မြှင့်တင်ကာ ဆောင်ရွက်နေပါကြောင်း၊ ပိုးလမ်းမတွင် အီလက်ထရောနစ်စနစ်ဖြင့် ကူးသန်းရောင်းဝယ်မှုများ ပိုမိုထွန်းကားလာစေရန် ပါဝင်သည့်နိုင်ငံများက ဒစ်ဂျစ်တယ်အခြေခံ အဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံခြင်း၊ နယ်စပ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်မှုများပြုခြင်းနှင့် ဆန်းသစ်တီထွင်မှုများနှင့် စွန့်ဦးတီထွင်ဆောင်ရွက်မှုများပြုခြင်းတို့အပေါ် အတူတကွ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့ပါသည်။

အဆိုပါဖိုရမ်သို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီး မစ္စတာလီဖေ့၊ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒုတိယဥက္ကဋ္ဌ မစ္စတာ မြောင်ကျင်းဝမ်နှင့် တရုတ်နှင့်အာဆီယံနိုင်ငံများမှ အီလက်ထရောနစ် စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူများ၊ စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%E1%80%80%E1%

## မန္တလေးတိုင်းဒေသကြီး ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့်ခရီးသွားလာမှုမြှင့်တင်ရေးဖိုရမ်သို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တက်ရောက်မိန့်ခွန်းပြောကြား





တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်နင်းမြို့၌ရောက်ရှိနေသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ယနေ့နံနက်ပိုင်းက Nanning International Convention and Exhibition Center (NICEC) တွင် ကျင်းပပြုလုပ်သည့် မန္တလေးတိုင်းဒေသကြီး ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလာမှုမြှင့်တင်ရေးဖိုရမ်သို့ တက်ရောက်၍ မိန့်ခွန်းပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက မိန့်ခွန်းပြောကြားရာ၌ မန္တလေးမြို့မှာ မြန်မာ-တရုတ် အနာဂတ်ပူးပေါင်းဆောင်ရွက်မှုမှာ အရေးပါသည့် တရုတ်-မြန်မာ မီးရထားလမ်းစီမံကိန်း၊ တရုတ်-မြန်မာစီးပွားရေးစင်္ကြံ (**CMEC)**စီမံကိန်း၊ မဟာမဲခေါင်ဒေသခွဲ (**GMS)** ၏ အရှေ့အနောက် စီးပွားရေးစင်္ကြံနှင့် တောင်မြောက်စီးပွားရေးစင်္ကြံများဖြင့် ချိတ်ဆက်နေသည့် ကုန်သွယ်ရေးလမ်းကြောင်းများ၏ ဗဟိုချက်တွင်တည်ရှိသောကြောင့် တရုတ်-အာဆီယံကုန်စည်ပြပွဲ၌ နှစ်လိုဖွယ်ရာမြို့တော် (**City of Charm**)အဖြစ် ရွေးချယ်ပြသခြင်းဖြစ်ကြောင်း၊ မန္တလေးမြို့မှာ ဒေသတွင်းကုန်သွယ်ရေးလမ်းကြောင်းများဖြစ်သော စီးပွားရေးစင်္ကြံလမ်းကြောင်းများ၏ လမ်းဆုံမှာတည်ရှိကြောင်း၊ ထို့ကြောင့်တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအနေနှင့် အလားအလာရှိသည့် စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ အထည်ချုပ်လုပ်ငန်း၊ ကျောက်မျက်ရတနာအချောထည်လုပ်ငန်း၊ ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်မှုလုပ်ငန်း၊ ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံနိုင်ကြောင်း အလေးအနက်ပြောကြားခဲ့ပါသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ မြို့တော်ဝန် ဦးကျော်ဆန်းနှင့် မန္တလေးတိုင်း စီးပွားရေးဝန်ကြီး ဦးသိန်းဋ္ဌေးတို့က အဖွင့်အမှာစကားများ အသီးသီးပြောကြားခဲ့ပါသည်။ အဆိုပါဖိုရမ်သို့ မြန်မာနိုင်ငံဘက်မှ အစိုးရကိုယ်စားလှယ်များနှင့် ပုဂ္ဂိကလုပ်ငန်းရှင်များ၊ တရုတ်နိုင်ငံဘက်မှ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နိုင်ငံရေးဆိုင်ရာ အတိုင်ပင်ခံညီလာခံ ဒုတိယဥက္ကဋ္ဌ မစ္စတာဟွမ်ကျင့်ဟွာနှင့် စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်တက်ရောက်ခဲ့ကြပါသည်။ အဆိုပါဖိုရမ်တွင် မန္တလေးမြို့သာစက်မှုဇုန်စီမံကိန်း၊ အမရပူရခရီးသွားစီမံကိန်း၊ မင်္ဂလာ မန္တလေးစီမံကိန်း၊ ရေတံခွန်တောင်မြို့တော်စီမံကိန်းနှင့် မြန်မာနိုင်ငံ သစ်သီးဝလံကဏ္ဍများနှင့်ပတ်သက်၍ သက်ဆိုင်ရာလုပ်ငန်းအလိုက် တာဝန်ရှိသူများက ဆွေးနွေးတင်ပြခဲ့ကြပါသည်။

မန္တလေးတိုင်းဒေသကြီး ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလာမှုမြှင့်တင်ရေးဖိုရမ်တွင် Cooperation Agreement of Luban Workshop Operation Project in Myanmar ၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ ၂ ရပ်၊ ကုန်သွယ်မှုနှင့် ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ ပျားရည်ရောင်းဝယ်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်စသည့် သဘောတူညီချက် ၅ ရပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%E1%

## ပင်းရှန်မြို့၌ တရုတ်-ဗီယက်နမ် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေပုံနှင့် တရုတ်-အာဆီယံ သစ်သီးဝလံ ရောင်းဝယ်ရေးစင်တာသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး သွားရောက်လေ့လာ



တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်နင်းမြို့၌ ရောက်ရှိနေသည့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ဦးဆောင်သည့်မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင် တရုတ်-ဗီယက်နမ် နယ်စပ်ပင်းရှန်မြို့သို့ သွားရောက်၍ နယ်စပ်ကုန်သွယ်ရေးဆောင်ရွက်နေပုံများနှင့် တရုတ်-အာဆီယံ သစ်သီးဝလံကုန်သွယ်ရေး ဆောင်ရွက်နေပုံများကို သွားရောက် လေ့လာခဲ့ကြပါသည်။

ပထမဦးစွာ ပင်းရှန်မြို့ရှိ ချစ်ကြည်ရေးဂိတ်သို့ သွားရောက်၍ နယ်စပ်ကုန်သွယ်မှုဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကို လေ့လာခဲ့ကြပါသည်။ ၎င်းချစ်ကြည်ရေးဂိတ်မှာ ဟူနန်-ကွမ်ရှီး မီးရထားလမ်း၊ တရုတ်အမျိုးသား အဝေးပြေးလမ်းမကြီးများနှင့် ဗီယက်နမ်အဝေးပြေးလမ်းတို့နှင့် ဆက်သွယ်ထားသည့် အပြည်ပြည်ဆိုင်ရာ နယ်စပ်ဂိတ်ဖြစ်ပါသည်။ ၎င်းဂိတ်မှာ တရုတ်နိုင်ငံတွင် နာမည်အကျော်ကြားဆုံးနယ်စပ်ဂိတ် ၉ ခုအနက် တစ်ခုဖြစ်ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် ပင်းရှန်မြို့ရှိ ဖူကျိုက်ကုန်သွယ်ရေးဂိတ်သို့ သွားရောက်ကာ ကုန်စည်စစ်ဆေးရေးကိစ္စများ ဆောင်ရွက်နေပုံအား လေ့လာခဲ့ကြပါသည်။ ဖူကျိုက်ကုန်သွယ်ရေးဂိတ်မှာ ပင်းရှန်မြို့၏ အနောက်တောင်ဘက် ဗီယက်နမ်နိုင်ငံ၊ **Tinh Lang Son** ပြည်နယ်၊ **Van Lang** စီရင်စုနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ပင်းရှန်မြို့ရှိ တရုတ်-အာဆီယံ သစ်သီးဝလံကုန်သွယ်မှုစင်တာသို့သွားရောက်၍ ဗီယက်နမ်နှင့်ထိုင်းနိုင်ငံတို့မှ တင်သွင်းလာသည့် သစ်သီးဝလံများအား တရုတ်နိုင်ငံသို့ တင်သွင်းနေသည့် လုပ်ငန်းဆောင်ရွက်နေမှုများကို ဆက်လက်လေ့လာခဲ့ကြပါသည်။ ၎င်းစင်တာ၌ အာဆီယံနိုင်ငံများမှ တင်သွင်းလာသည့် သစ်သီးဝလံများအား တရုတ်နိုင်ငံမှ ကုန်သေတ္တာယာဉ်များအတွင်း လွှဲပြောင်းတင်ဆောင်ပြီးနောက်၊ တရုတ်နိုင်ငံ၏မြို့ကြီးများသို့ ပြန်လည်ဖြန့်ချီခြင်း၊ တရုတ်နိုင်ငံမှ လယ်ယာစိုက်ပျိုးရေးနှင့် သစ်သီးဝလံများကို

အာဆီယံနိုင်ငံများသို့ ပြန်လည်ဖြန့်ချီခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် အာဆီယံနိုင်ငံများမှ ပိန္နဲသီး၊ နဂါးမောက်သီး၊ ငှက်ပျောသီး၊ ဖရဲသီး၊ သခွားမွှေး၊ ဒူးရင်းသီး၊ မင်းဂွတ်သီးများကို တင်သွင်းကာ တရုတ်နိုင်ငံမှထွက်ရှိသည့် သစ်သီးဝလံများနှင့် ကောက်ပဲသီးနှံများကိုလည်း ပြန်လည်တင်ပို့လျက်ရှိပါသည်။

နေ့လည်ပိုင်း၌ ပြည်ထောင်စုဝန်ကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပင်းရှန်မြို့ရှိ ရွှေကို (Shuikou) နယ်စပ်ကုန်သွယ်ရေးစခန်းသို့ သွားရောက်၍လေ့လာခဲ့ပါသည်။ ရွှေကိုနယ်စပ်ကုန်သွယ်ရေးစခန်းမှာ ဗီယက်နမ်နှင့် ၁၈၄ ကီလိုမီတာ ရှည်လျားစွာထိတွေ့နေသည့် လောင်ကျိုး (Longzhou) စီရင်စု၌တည်ရှိသော နိုင်ငံတော်အဆင့် စခန်းတစ်ခုဖြစ်ပါသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် နာပွားပုဂ္ဂလိက နယ်စပ်ကုန်သွယ်ရေးဇုန်သို့ သွားရောက်လေ့လာခဲ့ကြပါသည်။

ပင်းရှန် (**Pingxiang**) မြို့မှာ ဗီယက်နမ်နိုင်ငံအပါအဝင် အာဆီယံနိုင်ငံများမှ သစ်သီးဝလံများကို ကုန်းလမ်းမှ ဖြတ်သန်းသယ်ဆောင်၍ တရုတ်နိုင်ငံအတွင်းသို့ တင်သွင်းနေသည့် အဓိကဝင်ပေါက်တစ်ပေါက်ဖြစ်ရာ မြန်မာနိုင်ငံ၏ သစ်သီးဝလံကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများစွာရှိသောမြို့ဖြစ်ကြောင်း သတင်းရရှိပါသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%E1%%

## ပြည်တွင်းထုတ်သည့် မြေပဲဆီဈေးများ အကျဘက်သို့ဦးတည်လာ

ပြည်တွင်းစားသုံးသူဈေးကွက်တွင် ပြီးခဲ့သည့် ဩဂုတ်လနောက်ဆုံးပတ်မှစတင်၍ မြေပဲဆန်ဈေးများ ကျဆင်းလာခြင်းနှင့်အတူ မြေပဲဆီစစ်စစ်ဈေးနှုန်းများကျဆင်းလာပြီး အကျဘက်သို့ဦးတည်နိုင်ကြောင်း မြေပဲဆီစစ်စစ်ရောင်းချသည့် ဆီစက်ပိုင်ရှင်တစ်ဦးကပြောသည်။

"အခုချိန်မှာ ပြည်တွင်းဒေသအသီးသီးက မြေပဲအထွက်များလာပြီ။ ဈေးကွက်မှာ မြေပဲဆန်ဈေးကျလာတော့ သစ်သားကြိတ်ဆုံနဲ့ကြိတ်ရောင်းတဲ့ မြေပဲဆီစစ်စစ်လည်း ဈေးချပေးပါတယ်။ ကျနော်တို့အနေနဲ့က မြေပဲဆန်ဈေးကျရင် ဆီဈေးချပေးတယ်။ အခြား အရောအနှောဆီတွေကတော့ သူတို့ဈေးနဲ့သူတို့ရောင်းကြမှာပါဟု ယင်းကပြောသည်။

ကြိတ်ဆုံဖြင့် ကြိတ်သည့် မြေပဲဆီစစ်စစ် လက်ရှိပေါက်ဈေးမှာ တစ်ပိဿာ ငွေကျပ် ၁၄၀၀၀ ဖြစ်ရာ ငွေကျပ်တစ်ထောင်ဝန်းကျင် ဈေးကျဆင်းခဲ့ကြောင်း၊ အချို့စက်များက မြေပဲဆီစစ်စစ် တစ်ပိဿာ ငွေကျပ် ၁၅၀၀၀-၁၆၀၀၀ ဝန်းကျင် ရောင်းချပြီး ရောနှောဆီများမှာ တစ်ပိဿာ ငွေကျပ် ၁၂၀၀၀-၁၃၀၀၀ ဝန်းကျင် ပေါက်ဈေးရှိသည်။ "မြေပဲဆန်က လာမယ့်လတွေမှာ ဒီထက်ပိုပြီး ဒေသအစုံထွက်တော့မှာဖြစ်သလို တရုတ်ကလည်း ဝယ်လိုအားမရှိသေးတော့ မြေပဲဆန်ဈေး အကျဘက်ရောက်နိုင်တယ်။ မြေပဲဆန်ဈေး တစ်ပိဿာ ငွေကျပ် ၇၈၀၀ လောက်တုန်းက ပဲဆီစစ်စစ်တစ်ပိဿာ ၁၆၀၀၀ ဝန်းကျင်နဲ့ရောင်းတယ်။ ပဲဆန်ဈေးအတက်အကျပေါ်မူတည်ပြီး ဈေးအပြောင်းအလဲရှိတယ်ဟု ဆက်လက်ပြောကြားသည်။

လက်ရှိမြေပဲဆန်ဈေးနှုန်းများမှာ မြေပဲလုံးဆန်၊ S1ငွေကျပ် ၆၈၀၀-၇၀၀၀၊ S1 ဆီဆန် ငွေကျပ် ၆၃၀၀-၆၅၀၀၊ ပြန့်လုံးဆန်အဟောင်း ငွေကျပ် ၇၁၀၀-၇၄၀၀ ပေါက်ဈေးရှိကြောင်း၊ ယခင်လကုန်ပိုင်းနှင့်နှိုင်းယှဉ်ပါက တစ်ပိဿာ ငွေကျပ် ၅၀၀ ဝန်းကျင် ဈေးကျဆင်းခဲ့ကြောင်း သိရသည်။

**Source:** မကွေးဂျာနယ်

## တရုတ်နယ်စပ်မှတစ်ဆင့် ရော်ဘာတန်ချိန် နှစ်သောင်းနီးပါး တင်ပို့ခဲ့

ပြီးခဲ့တဲ့ ဩဂုတ်လတစ်လအတွင်း နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှတစ်ဆင့် တရုတ်နိုင်ငံသို့ ရော်ဘာတန်ချိန် နှစ်သောင်းနီးပါး တင်ပို့ခဲ့ရတယ်လို့ စီးပွားကူးသန်းရဲ့ထုတ်ပြန်ချက်အရ သိရပါတယ်။

မြန်မာနိုင်ငံမှထွက်ရှိတဲ့ ရော်ဘာများကို တရုတ်နိုင်ငံသို့ အဓိကတင်ပို့နေခြင်းဖြစ်ပြီး ဩဂုတ်လအတွင်းမှာ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ ကန်ဒေါ်လာ ၂၄ သန်းကျော် တန်ဖိုးရှိ ရော်ဘာတန်ချိန် ၁၉၅၂၀ ကျော်နှင့် ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းမှ ကန်ဒေါ်လာ ၂ ဒသမ ၇၃၈ သန်း တန်ဖိုးရှိ ရော်ဘာတန်ချိန် ၁၇၁၃ တန်ကျော် တင်ပို့ထားတယ်လို့ သိရပါတယ်။

အလားတူ ဩဂုတ်လအတွင်းမှာပဲ အိန္ဒိယနိုင်ငံသို့ ပုံမှန်ကုန်သွယ်ရေးလမ်းကြောင်းမှတစ်ဆင့် ရော်ဘာတန်ချိန် ၄၀၃ တန်ကျော် တင်ပို့ခဲ့သေးတယ်လို့ သိရပါတယ်။ ဒါကြောင့် ဩဂုတ်လတစ်လအတွင်းမှာ ပြည်ပသို့ရော်ဘာတင်ပို့မှုဟာ စုစုပေါင်း တန်ချိန် ၂၁၆၃၀ ကျော်ရှိခဲ့ပြီး ပို့ကုန်ဝင်ငွေ ကန်ဒေါ်လာ ၂၆ ဒသမ ၇၃၉ သန်းကျော် ရရှိခဲ့တယ်လို့ ဆိုပါတယ်။

ဇူလိုင်လအတွင်း တင်ပို့မှုနှင့်နှိုင်းယှဉ်ပါကလည်း ရော်ဘာတန်ချိန် တစ်သောင်းကျော် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ ထုတ်ပြန်ချက်တွေအရ သိရပါတယ်။

**Source: https://t.me/htwettoe**

## ဗီယက်နမ်အုန်းသီးတင်ပို့မှု ဒေါ်လာ ၁ ဘီလီယံအထိ ရောက်ရှိရန်မျှော်မှန်း




ဗီယက်နမ်အုန်းသီးနှင့် အုန်းသီးထုတ်ကုန်များကို အမေရိကန်နှင့် တရုတ်တို့က တင်သွင်းခွင့်ပေးလိုက်ပြီးနောက် ဗီယက်နမ် အုန်းသီးတင်ပို့မှုသည် ၂၀၂၅ ခုနှစ်တွင် ကန်ဒေါ်လာ ၁ ဘီလီယံအထိရောက်ရှိရန် မျှော်မှန်းထားကြောင်း ဗီယက်နမ်အုန်းသီးအသင်း Vietnam Coconut Association ဥက္ကဋ္ဌ Nguyen Thi Kim Thanh က ပြောကြားသည်။

အစားအသောက် ကျွမ်းကျင်သူများ၏အဆိုအရ ဗီယက်နမ် အုန်းသီးများသည် အရည်အသွေးမြင့်ပြီး လတ်ဆတ်မှုကြောင့် လူသိများသည်။ ဗီယက်နမ်အုန်းသီးများသည် အာဟာရဓာတ်ကြွယ်ဝသည်။ ဗီယက်နမ်အုန်းသီးတွင် ပိုတက်စီယမ်၊ မဂ္ဂနီဆီယမ်နှင့် အမျှင်ဓာတ်များအပါအဝင် ဗီတာမင်နှင့်သတ္တုဓာတ်များ ကြွယ်ဝစွာပါရှိသည်။ သို့ဖြစ်ရာ ကျန်းမာရေးကို အထောက်အကူပြုသည်။ "၂၀၂၂ ခုနှစ်အကုန်မှာ အုန်းသီးတင်ပို့မှုဟာ အမေရိကန်ဒေါ်လာ သန်း ၇၀၀ ကျော်ရှိခဲ့ပါတယ်။ အခုဆိုရင် ဗီယက်နမ်အုန်းသီး တင်သွင်းရန် အမေရိကန်နှင့်တရုတ်တို့က သဘောတူညီခဲ့ကြတာကြောင့် ဗီယက်နမ်အုန်းသီးတင်ပို့မှု အရှိန်အဟုန်ဖြင့် မြင့်တက်တော့မှာဖြစ်ပါတယ်။ ၂၀၂၄ နှစ်ကုန်၊ ၂၀၂၅ အစောပိုင်းမှာ ဗီယက်နမ်အုန်းသီးတင်ပို့မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဘီလီယံအထိ ရှိလာမယ်လို့ မျှော်မှန်းထားပါတယ်"ဟု Thanh က ပြောကြားသည်။

အမေရိကန်နှင့်တရုတ်တို့ထံမှ ဗီယက်နမ်အုန်းသီး တင်ပို့ခွင့်ရရှိသောအခါ အုန်းခြံများသည် အုန်းခြံဖွံ့ဖြိုးရေး ဆောင်ရွက်ခြင်း၊ စိုက်ပျိုးဧရိယာကုဒ် လျှောက်ထားရယူခြင်း၊ အော်ဂဲနစ်ဗုန်များ ထုထောင်ပြီး မှတ်ပုံတင်ခြင်း အစရှိသည်တို့ကို ဆောင်ရွက်ကြသည်။

ယခင်က အုန်းပင်စိုက်သည့်ဧရိယာဟု သတ်သတ်မှတ်မှတ်မရှိခဲ့ချေ။ ၂၀၂၁ တွင် အုန်းသီးကို အရေးပါသည့် ပြည်ပပို့ကုန်စာရင်းထဲ ထည့်သွင်းခဲ့သည်။ အုန်းသီးများကို ပြည်ပသို့တင်ပို့သည့်ကုမ္ပဏီများ ယခုအခါ ခုရေ ၂၀ နီးပါးရှိလာပြီဟု Thanh က ပြောကြားသည်။ ၃၅ နိုင်ငံသို့ တင်ပို့လျက်ရှိသည်။

**Source: thestar**

https://www.foodindustrydirectory.com.mm/food-industry/fruits-vegetables/item/6879-coconut.html

## အယ်လ်နီညို့သက်ရောက်မှုကို ကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် အထူးအဖွဲ့ ဖွဲ့စည်းရန် ထိုင်းနိုင်ငံဝန်ကြီးချုပ်က လမ်းညွှန်မှာကြားခဲ့

အယ်လ်နီညို ရာသီဥတုဖြစ်စဉ်နှင့်စပ်လျဉ်းသည့် သက်ရောက်မှုများကို ဖြေရှင်းတုန့်ပြန်ရန်အတွက် အထူးကော်မတီတစ်ခုကို ဖွဲ့စည်းဆောင်ရွက်သွားရန် ထိုင်းနိုင်ငံဝန်ကြီးချုပ် Mr. Srettha Thavisin က လမ်းညွှန်မှာကြားခဲ့ကြောင်း သိရှိရပါသည်။

ကော်မတီအနေဖြင့် ပြည်နယ်အသီးသီးတွင် အရေးပေါ်အခြေအနေအဖြစ် ကြေညာနိုင်သည့် ဖြစ်နိုင်ချေများကို လေ့လာသုံးသပ်ရန်ဖြစ်ကြောင်း၊ ပုံမှန်ဘတ်ဂျက်ခွဲဝေမှု မလုံလောက်သဖြင့် စောင့်ဆိုင်းနေသည့်ကာလအတွင်း တုန့်ပြန်မှုအစီအမံ

များကို အလျင်အမြန်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆည်များနှင့်မြေအောက်ရေသိုလှောင်ကန်များ တည်ဆောက်ရန်အတွက် ဘတ်ဂျက်လုံလောက်မှုရှိသော ဒေသဆိုင်ရာအာဏာပိုင်များက အရေးပေါ်အခြေအနေကို ထုတ်ပြန်ကြေညာနိုင်ပါကြောင်း အစိုးရ၏ပြောရေးဆိုခွင့်ရှိသူ Dr. Chai Wacharonke က ပြောကြားပါသည်။

အယ်လ်နီညို၏ သက်ရောက်မှုများကို တစ်ကမ္ဘာလုံးက အသိအမှတ်ပြုသည့် အစီရင်ခံစာကို အစိုးရအဖွဲ့အနေဖြင့် ရရှိပြီး ဖြစ်ကြောင်း၊ အယ်လ်နီညိုသည် နောင် ၃ နှစ်အထိ ကြာရှည်နိုင်ကြောင်း၊ ထိုင်းနိုင်ငံတွင် ယင်းအခြေအနေအတွက် ကောင်းမွန်သော အစီအစဉ်များမရှိပါက ဆုံးရှုံးနိုင်မှုတန်ဖိုးသည် အနည်းဆုံး ဘတ် ၆ ဘီလီယံမှ ဘတ် ၂ ထရီလီယံအထိဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားပါသည်။

ထိုင်းနိုင်ငံသည် ပင်လယ်စာထုတ်ကုန်တွင် အများဆုံးတင်ပို့သူဖြစ်ခဲ့ပါကြောင်း၊ လုပ်ခလစာအပါအဝင် အကြောင်းအရင်း အချို့ကြောင့် ယင်းနေရာကို ဆုံးရှုံးခဲ့ရပါကြောင်း၊ ထို့ကြောင့် ကမ္ဘာ့ထိပ်တန်းနေရာ ပြန်လည်ရောက်ရှိနိုင်ရန် ငါးဖမ်းကဏ္ဍအတွက် ပြန်လည်ရေးဆွဲထားသည့်အစီအစဉ်ကို အစိုးရအဖွဲ့ကခွင့်ပြုခဲ့ပါကြောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Mr. Phumtham Wechayachai ဦးဆောင်မည့် ကော်မတီအနေဖြင့် ရေရှည်တည်တံ့သော ငါးဖမ်းကဏ္ဍဖြစ်စေရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း Dr. Chai က ဖြည့်စွက်ပြောကြားပါသည်။

အယ်လ်နီညိုသက်ရောက်မှုအများဆုံးဖြစ်နိုင်သည့် ပြည်နယ်များကို အလေးထားဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အဆိုပါ သက်ရောက်မှုသည် လယ်ယာကဏ္ဍသာမက တောင်သူများ၏ ဝင်ငွေ၊ အစားအစာလုံခြုံမှု၊ ဈေးနှုန်းများနှင့်ထုတ်လုပ်မှု အပေါ်တွင်ဖြစ်နိုင်ကြောင်း Thai Future Food Trade Association ၏ ဥက္ကဋ္ဌ Mr Visit Limlurcha က ဖြည့်စွက်ပြောကြား ပါသည်။

Source: www.bangkokpost.gov

**(စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

## STOCK EXCHANGE (18.9.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 18th Sep. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 20,192 (Shares) | 35,232,600 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | +0 | +0.00% | 8,900 | 8,900 | 8,900 | 0 | 0 | 33,109,694 | 294,676 |
| MTSH | 00002 | 3,050 | -50 | -1.61% | 3,050 | 3,100 | 3,050 | 645 | 1,967,500 | 38,929,150 | 118,734 |
| MCB | 00003 | 7,500 | +0 | +0.00% | 7,500 | 7,500 | 7,500 | 0 | 0 | 10,400,986 | 78,007 |
| FPB | 00004 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,650 | 19,034 | 32,357,300 | 29,664,613 | 50,430 |
| TMH | 00005 | 2,350 | +0 | +0.00% | 2,350 | 2,350 | 2,350 | 0 | 0 | 12,823,224 | 30,135 |
| EFR | 00006 | 2,200 | +0 | +0.00% | 2,200 | 2,200 | 2,200 | 8 | 17,600 | 19,977,223 | 43,950 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 2 | 9,800 | 10,497,598 | 51,438 |
| MAEX | 00008 | 1,800 | +50 | +2.86% | 1,750 | 1,800 | 1,750 | 503 | 880,400 | 23,804,946 | 42,849 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary


As of 18th Sep. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 376.54 | -0.40 | -0.11% | 375.91 | 377.57 | 375.91 | 20,192 | 35,232,600 | 8 | 710,219 |

**Index chart**





YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

We are the first-ever modern stock exc Quick link Notice Disclosure

## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 18th Sep. 2023

| Trading Volume | Trading Value |
|---|---|
| 20,192 (Shares) | 35,232,600 (MMK) |

## Main Board

As of 1:00 pm, 18th Sep. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 20,192 (Shares) | 35,232,600 (MMK) |

| MYANPIX | 376.54 ▼ 0.40 |
|---|---|
| Total Volume (shares) | 20,192 |
| Total Value (MMK) | 35 mil |
| Listed Company | 8 |
| Market Cap. (MMK) | 710,219 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▲ 0 |
| MTSH | 00002 | 3,050 | ▼ 50 |
| MCB | 00003 | 7,500 | ▲ 0 |
| FPB | 00004 | 1,700 | ▲ 0 |
| TMH | 00005 | 2,350 | ▲ 0 |
| EFR | 00006 | 2,200 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,800 | ▲ 50 |

TIR